# Highlights from DVB Debate's Reconciliation in Rakhine Show

# February 25, 2017

# "How to reach Reconciliation in Rakhine?"

"ဖြစ်သွားတဲ့ ပြဿနာတွေမှာ ၁၉၈၂ နိုင်ငံသားဥပဒေက အဓိကကျတယ်။ ဒီနိုင်ငံရဲ့ ဥပဒေနဲ့အညီ ဖြေရှင်းရင် ပထမ အဆင်ပြေသွားမယ် အဲဒီအဆင့်ကို မဖြေရှင်းနိုင်ရင် ပြေလည်ဖို့က ခက်နေဦးမယ်"

ဒေါ်အေးနုစိန် - ဒုဥက္ကဋ္ဌ၊ ရခိုင်အမျိုးသားပါတီ

---

"မြန်မာနိုင်ငံအနောက်ပိုင်းနဲ့ အခြားသောပဋိပက္ခဖြစ်နေတဲ့ ဒေသတွေက တိုင်းရင်းသား ညီအကိုတွေအတွက်က သူတို့အခွင့်အရေးတွေ သိဖို့ သူတို့ပြောဆိုသုံးနှုန်းတဲ့ ဘာသာစကားတွေနဲ့ ရှင်းပြမှ သူတို့အတွက်အဆင်ပြေမယ်လေ။"

ဦးတင်အောင်မိုး - အဖွဲ့ဝင်ဟောင်း၊ သမ္မတ ဦးသိန်းစိန်လက်ထက် ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေး ကော်မရှင်

---

"ကျနော်ရွာတွေသွားတဲ့အခါမှာ တွေ့ရတဲ့ လူတွေကလည်း ပြောကြတယ် ၁၉၈၂ နိုင်ငံသားဥပဒေနဲ့ပဲ စစ်ပါ သူတို့အစစ်ခံရဲပါတယ်တဲ့ ဖောင် ဂမ်း ဆိုတာရှိတယ် အဲဒီမှာ မိသားစုသစ်ပင်စာရင်းတွေရှိတယ် စစ်လို့ရတယ် သူတို့အစစ်ခံရဲပါတယ်တဲ့"

ဟာဂျီဦးအေးလွင် - ရခိုင်ပြည်နယ်စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင်

---

"ပဋိပက္ခဖြစ်နေတဲ့အပေါ်မှာ အကျိုးအမြတ်ရနေတဲ့ အုပ်စုတခုက ရှိကိုရှိနေတယ် ဒါကို ကျနော်တို့ ဖော်ထုတ်ရမယ် ခိုးဝင်ပြဿနာဆိုတာလည်း အစိုးရက လော်ဘီလုပ်ထားတဲ့ ပြဿနာ"

ကိုညီညီ - ပရိသတ်

---

"မောင်တောမှာ ရခိုင် ၁ ရာခိုင်နှုန်းပဲရှိတော့တယ် ဘူးသီးတောင်မှာ ၇ ရာနှုန်းလူဦးရေပဲရှိတော့တယ် ရခိုင်မဟုတ်တဲ့ တဖက်ကဝင်လာတဲ့သူတွေပဲ ဘာလို့ဖြစ်သွားတာလဲ ဒါကို မဆန်းစစ်လို့ကို မရဘူး"

ဒေါ်အေးနုစိန် - ဒုဥက္ကဋ္ဌ၊ ရခိုင်အမျိုးသားပါတီ

---

"လူ့အခွင့်အရေးရှုထောင့်က ပြောရရင် လူသားတိုင်းဟာ နိုင်ငံမဲ့တော့မဖြစ်ရဘူး"

ဦးယုလွင်အောင် - မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

---

"ကျနော်တို့က အကြံပေးကော်မရှင်ပါ ကျနော်တို့ ဘာအကြံမှ မပေးရသေးဘူး ဒီကော်မရှင်ဟာ မကောင်းဘူး ပြောနေတော့ ဘာရလဒ်ကိုကြည့်ပြီးပြောလဲ ကျနော်မသိဘူး"

ဟာဂျီဦးအေးလွင် - ရခိုင်ပြည်နယ်စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင်

---